# Yahweh's Name At The End of The Age

## acwumv t q;ü , ma0;\emrawm

### ယာဝေး၏လူထုသည် ယာဝေး၏နာမတော်ကို သိကြလိမ့်မည်။

၁၉၃၀ ခုနှစ် အဦးပိုင်းအချိန်မှစ၍ ကောင်းကင်ဘုံရှင်အဖ၏ သန့်ရှင်းမြင့်မြတ်သည့် နာမတော်ဖြစ်သော ယာဝဲကို စိတ်ထက်သန်ခြင်းနှင့် ကြော်ငြာလာခဲ့ကြပါသည်။ သန့်ရှင်းမြင့်မြတ်သော နာမတော်ကို စတင် သိရှိသူတို့က သမ္မာကျမ်းစာဖတ်ရှုလေ့လာသူအများသည် ယာဝေး၏ ကြီးမြတ်သော နာမတော်ကိုမသိ သဘောပေါက်ကြသည်။ ကိုယ်တော်၏ နာမတော်ကို ချန်လှပ်ထားခြင်းနှင့် ထိုနာမတော်ကို အစားထိုးခြင်းသည် သန့်ရှင်းမြင့်မြတ်သည့် နာမတော်ယာဝေးကို အသုံးပြုရန် ဆန့်ကျင်သည့် ဂျူးလူမျိုးတို့၏ အယူသည်းသော အစဉ်အလာကို လိုက်လျှောက်သည့် ကနဦးသမ္မာကျမ်းစာ ဘာသာပြန်သူတို့မှ အစပြုခြင်းဖြစ်ပါသည်။

သာဘာပြန်အနည်းငယ်တို့သည် ဟေဗြဲဘာသာစကား၌ ကျွမ်းကျင်ကျကာ ယနေ့လူများစွာကဲ့သို့ ဟေဗြဲ သို့မဟုတ် ဂျူးတို့နှင့်ဆိုင်သော အရာတို့ကို ရှုံ့ရှာကြသည်။ သူတို့သည် ဟေဗြဲစကားကို ကောင်းမွန်စွာ မပြောတတ်မရေးတတ် ကြသောကြောင့် Septuagint ဟုခေါ်သော ခမ္မဟောင်းဂရိဘာသာပြန်ဆိုခြင်းကို မူလဟေဗြဲကျမ်း များမှ လွှဲချော်ပြုလုပ်လာခဲ့ကြသည်။ ထိုဂရိ Septuagint ကျမ်းမှတဆင့် ဓမ္မဟောင်း လက်တင်ဘာသာကို ပြန်ဆိုသည်။ လက်တင် ကျမ်းစာမှ အင်္ဂလိပ်ကျမ်းစာသို့ ရောက်ရှိလာပါသည်။ Septuagint သည် ယာဝေး၏နာမတော်ကိုအသုံးပြုထားပါသည်။ မူလဂရိကျမ်း Septuagint ၌ ဟေဗြဲဘာသာဖြင့် ရွှေနဲ့ထွင်းထားသည့် ....... ဟူသော စကားလုံးလေးလုံးပါရှိသည်။ နောက်ပိုင်း ကူးယူသောသူတို့သည် ဟေဗြဲဘာသာစကားကို လျစ်လျူရှုကာ ဟေဗြဲစကား၌ ထို Tetragrammaton ဟုခေါ်သော စာလုံးလေးလုံးသည် သန့်ရှင်းမွန်မြတ်ပါက Kurios ကိုင်ရိုအိုးစ် နှင့် Theos တို့သည် သန့်ရှင်း သည်ဟု အကြောင်းပြ၍ အစားထိုးကြသည်။ ၁၆၁၁ ခုနှစ် အင်္ဂလိပ်ကျမ်းစာဖြစ်သော King James ကိုဘာသာပြန်သောသူတို့သည် ကနဦး ကျမ်းစာဘာသာပြန်သူတို့၏ အစဉ်အလာကို လိုက်လျှောက်ကြကာ ယာဝေးဟူသော သန့်ရှင်းမြင့်မြတ်သည့် နာမတော်ကို အင်္ဂလိပ် အမည်များဖြစ်သည် Lord (ထာဝရ ဘုရား) နှင့် God (ဘုရားသခင်) စသည့်ဖြင့် အစားထိုးလာခဲ့သည်။

### အမည်နာမတို့ကို ဘာသာပြန်ခြင်းမရှိပါ

ဤဘွဲ့နာမတော်တို့နဲ့ ယာဝေးနာမတော်ကို လည့်လှည် အစားထိုးလို့မရနိုင်ပါ။ အကြောင်းမှာ ယာဝေး၏

နာမတော်သည် တည်ရှိခြင်းဟူသော ဟေဗြဲစကားကို ယူဆောင်သည်။ သူ၏နာမတော်က (ကိုယ်တော်သည် သူ တည်ရှိရန်ရွေးချယ်သောကြောင့် တည်ရှိသည်) ဟူသောအဓိပ္ပါယ်ရသည်။ ကိုယ်တော်တည်ရှိ နေသောကြောင့် အရာခပ်သိမ်းတို့ကို ဖြစ်တည်စေတော်မူသည်။ ‘‘ယာဝေး’’ဟူသော စကားကို သူ့လူမျိုးတို့ လိုအပ်သမျှ အတွက်ဖြစ်သည် ဟူ၍ အနက်ဖွင့်ထားပါသည်။ ယာဝေးသည် သူတို့၏ ကယ်တင်သောသူ၊ မစသူ၊ ပေးကမ်းသူ၊ အနာပျောက်စေသူ၊ လမ်းပြသူ၊ ပြည့်စုံစေသူ၊ ကယ်တင်ရှင် စသောသူတို့ လိုအပ်သောအရာမှန်သမျှ ဖြစ်သည်။

အစားထိုးသောနာမများနှင့် ဘွဲ့အမည်များတို့သည် အနက်ပြန်ခြင်းမဟုတ်ပါ။ အကြောင်းမှာ ယာဝေး၏နာမတော်၏ ဆိုလိုချက်အားလုံးကို လူ၏ဉာဏ်က စကားလုံးတစ်လုံးတည်း၌ မထားနိုင် သောကြောင့် ဖြစ်သည်။ ဤသို့ အစားထိုးလိုက်ခြင်းသည် ဖန်ဆင်းရှင် ယာဝဲ၏ သန့်ရှင်းနာမတော်ကို ဖုံးကွယ်ရာ ရောက်ရှိပြီး သကာလ သူ့ကို အခြားသောနတ်ဘုရားတစ်ပါး ထက်မပို၊ မသာလွန်သကဲ့သို့ဖြစ်စေသည်။

ဟေဗြဲနာမည်တို့သည် အများအားဖြင့် ဘာသာစကားတစ်ခု၏ စကားသံကိုလိုက်၍ အခြားဘာသာ တစ်ခုသို့ ရေးလေ့ရေးထရှိကြသည်။ နာမည်မပြောင်းမလည်းရှိနေသော်လည်း လူမျိုးအလိုက် အသံထွက်ကွဲပြား ခြင်းရှိနိုင်သည်။ လူတစ်ယောက်သည် နိုင်ငံအသံလွှင့်ထုတ်မှုကို နားထောင်၏။ ထိုအချိန်တွင် ဝါရှင်တန်၊ ဘုရှ်၊ ယဲလ်ဆင်၊ ကိုလ်းနှင့် အ်ရဖတ် စသည့် ကိုယ်ပိုင်နာမတို့ကို အလွယ်တကူသိရှိနိုင်သည်။ ဤနာမတို့သည် ဘာသာပြန်ရာ၌ မပြောင်းလည်းပါ။

သမ္မာကျမ်းစာကို ဖတ်ရှုသောသူတို့သည် ဒမ်၊ ရဗင်၊ အာရှာ၊ ရှသ၊ နောမိ၊ ဇေရာ၊ နေဟမိ၊ သေကာ၊ ဒံယေလနှင့် အာမုတ် စသော ဟေဗြဲနာမည်တို့နှင့် ရင်းနှီးကြပြီးဖြစ်သည်။ ဤဟေဗြဲနာမည်တို့သည် ကျွန်တော်တို့ကို ဒုက္ခမပေး အင်္ဂလိပ်စကားနှင့် အစားထိုးခြင်းကို မည်သူမျှမလုပ်ကြပါ။ သို့သော် အနန္တတန်ခိုးကြီး သောအရှင်၏ နာမည်နှင့် ပတ်သက်လာသော အခါ ဇာတိလူသားသည် ယာဝဲဟူသော ထာဝရ အမှတ်တရ နာမတော်ကို ရှင်းရှင်းလင်းလင်းဖော်ပြထားသည်။ ကျမ်းစာသွန်သင်ခြင်းကို ဆန့်ကျင်ကြသည်။ ယာဝဲသည် ထိုသို့ခေါ်ဆိုရန် သူ၏လူမျိုးတို့အား ဖွင့်ပြတော်မူ၏။ ထွက်မြောက်ရာကျမ်း ၃း၁၅။ အဘယ့်ကြောင့် စကြ်ဝဠာဖန်ဆင်းသောအရှင်၏ အရေးတကာအရေးကြီးဆုံးဖြစ်သော နာမတော်သည် အင်္ဂလိပ်ကျမ်းစာ၌ မပေါ်ခဲ့ပါသနည်း။ အမှတ်တရနာမတော်ဖြစ်သည့် ယာဝေးသည် ကျမ်းစာမှ ပယ်ဖျက်ခြင်း ခံရသည်။ ကယ်တင်ရှင် ယားစွားနာမ မှာလည်း ဤနည်းအတိုင်းပင်ဖြစ်ခဲ့ရသည်။

ကြည်ညိုလေးစားခြင်းခံနေရသည့် KJV သည် (LORD ) နာမည်တို့ကို အသုံးပြုပြီး ယားဝေး ၏ အသန့်ရှင်းဆုံးသော နာမတော်ကို အစားထိုးသည်။ (GOD )ဆိုတာနာမည်မဟုတ်ပါ။ ဘွဲ့နာမည် တစ်ခုဖြစ်သည်။ (Lord )ဆိုသည်မှာလည်း နာမည်မဟုတ်ပါ။ ဘွဲ့နာမည်တစ်ခုသာဖြစ်ပါသည်။ (Jehovah ) ဆိုသည်မှာ မှားယွင်းသောစာလုံးတစ်ခုဖြစ်သည်။ J စကားလုံးသည် ဟေဗြဲကျွေရာ သို့မဟုတ် ဂရိကျွေရာစကားလုံး၌ ယခင်ကမရှိခဲ့ဘူးသလို ယခု၌လည်း မရှိပါ။ ရိုသာဟမ် (Rotherham)က

ဤအစားထိုးခြင်းကို ဓမ္မတာဆန့်ကျင်ခြင်းဟုခေါ်သည်။ လွန်ခဲ့သော အနှစ် (၅၀၀) ကြာသော အချိန်အထိ ကိုယ်တော်အား ယေဟောဝါး (Jehovah) ဟူ၍ မခေါ်ခဲ့ကြပါ။ ထိုမတိုင်မှီ သူ၏ နာမတော်သည် မည်သည့်အရာဖြစ်မည်နည်း။

ကုန်လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်တွင် သမ္မာကျမ်းစာ ထုတ်ဝေသူများစွာတို့သည် ယာဝေးဟူသော သန့်ရှင်းမြင့်မြတ်သည့် နာမတော်ကို ပြန်၍ အသုံးပြုလာကြသည်။ ၎င်းသည် သမ္မာကျမ်းစာ မူရင်း၌ အကြိမ်ပေါင်း (၇၀၀၀) ခန့်တွေ့ရသည်။ Larger ကျမ်းစာထုတ်လုပ် သူများက ဤအစားထိုးနာမများကို ဆက်လက်ကျင့်သုံး ကာ Anchor နှင့် Jerusalem အဖွဲ့သားများကတော့ အနည်းငယ်မျက်စိပွင့် လင်းစေဖို့ အသုံးပြုလာကြပါသည်။

ကျမ်းစာကို ယုံကြည်သောသူတို့အကြားတွင် ယားဝေးဟူသော နာမတော်ကို ဆက်လက် လက်ခံကြသည်။ သူ၏ နာမတော် မှန်ကန်ကြောင်းကို မြောက်များစွာသော အဘိဓါန်ကျမ်းတို့နှင့် စွယ်စုံကျမ်းတို့၌ အလွယ်တကူတွေ့ရှိနိုင်သည်။

## ရန်သူ၏နာမည်မပြောင်းမလဲဆက်လက်ရှိနေသည်

သမ္မာကျမ်းစာအများ၌ ယားဝေးနာမတော်၏အစား အခြားနာမကိုပို၍ ကြိုက်နှစ်သက်သောကြောင့် ယားဝေး၏ နာမတော်ကို ဖယ်ရှားခြင်းသို့မဟုတ် ဖုံးကွယ်ခြင်း ခံနေရသည့်အချိန်တွင် စာတန်တည်းဟူသော မာနတ်၏ ဟေဗြဲနာမည်သည် အချိန်အခါတိုင်း အသုံးပြုကြသည်။ Young Concordance အရ ‘ရန်သူ’ စာတန်၏ နာမသည် အင်္ဂလိပ်ကျမ်းစာ ဓမ္မဟောင်းကျမ်း၌ (၁၆) ကြိမ်နှင့် ဓမ္မသစ်ကျမ်း၌ (၃၅) ကြိမ်တွေ့ရသည်မှာ ထူးဆန်းသည်မဟုတ်ပါလား။ သို့ရာတွင် ယားဝေး၏ နာမတော်မှာ အစားထိုးသော နာမများဖြင့် ဝှက်ထားခြင်းခံရသည်။

ယာဝေး နာမတော်၏ အရေးကြီးပုံကို ကျွန်တော်တို့ နားလည်ကြပြီး သူ၏ နာမတော်ကို လူအများ သိစေရန် အရာရာတို့၌ တခိုးနှင့်လုပ်ဆောင် ဆက်ကပ်ကြဖို့ အရေးကြီးပါသည်။ ကျွန်တော်တို့သည် ကယ်တင်ရှင်က ‘‘အကျွန်ုပ်သည် သတင်းတော်ကို ညီအစ်ကို တို့အားကြားပြောပါမည်။ ပရိသတ်အလယ်မှာ ကိုယ်တော်ကို ချီးမွမ်းပါမည်’’ ဟူသော ကတိတော်ကို ကိုယ်တော်က ဆက်လက်ဆောင်ရွက်ရန် ကျွန်ုပ်တို့ကို ကတိက ဝတ်ပြုပေးထားပါသည်။ (ဆာလံ ၂၂း၂၂)

ကယ်တင်ရှင်သည် ယာဝေး၏ နာမတော်ကို ညီအစ်ကိုတို့အား ပြပါပြီဟု ကျိမ်ဆိုပြီးနောက် ‘‘ကိုယ်တော်၏ နှုတ်ကပတ်တော် တရားတော်ကို သူတို့သည် စောင့်ရှောက်ကြပါသည်။ (ယော ၁၇း၆)’’ ဟုဆက်လက် ဟောကြားခဲ့ပါသည်။ ယာစွား၌ ရှိသော ယာဝေး အသင်းတော်၏ (Yahweh's Assembly in Yahshua)ညီအစ်ကိုတို့ သည် ယာဝေး၏ နာမတော်ကို သိစေရန် လေိယ၏ ဟောပြောသော သတင်းမှာ ဝိဉာဉ်ရေးရာ၌ သေဆုံးသူ လူမျိုးများဆီသို့ ဟောပြောရမည့် နောက်ဆုံးသော

ှကာလ သတင်းကောင်းဖြစ်ကြောင်း သဘောပေါက်၍ သိရှိကြသည်။

ယာဝေး၏ နာမတော်သိခြင်း ဆက်လက်၍ တိုးတက်ရန်အတွက် ဆက်ကပ်သော ကျောင်းသားများ၏ သစ္စာရှိသော ကြိုးစာမှုများအတွက် ကျေးဇူးတင်ရှိပါ၏။ ယာဝေးသည် စကြဝဠာ ဖန်ဆင်းသော အရှင်၏ ကိုယ်ပိုင်နာမတော်ဖြစ်သည်ဟု ဝန်ခံသော အဘိဓါန်ကျမ်းများ၊ စွယ်စုံကျမ်းများနှင့် အနက်ဖွင့်ကျမ်းများစွာ တွေ့ရှိနိုင်သည်။ ယာဝေး၏ နာမတော်သည် ဓမ္မကောလိပ်များ၌ လူတိုင်းသိသော အရာဖြစ်ပြီး ဓမ္မတက္ကသိုလ်၏ ပါမောက္ခများနှင့် ဆရာများစွာတို့က ပုံမှန်အသုံးပြုကြသည်။

## သူ၏ နာမတော်သည် ယာဝေး – ဖြစ်လျှင် ဘာလိုသေးသလဲ။

သီအိုလိုဂျီပညာရှင်များက ကိုယ်တော်၏ နာမတော်သည် ယာဝေးဖြစ်သည်ဟု ဝန်ခံကြသော်လည်း သူ၏ နာမတော်၏ အရေးကြီးပုံနှင့် ပတ်သက်၍ ကျမ်းစာ၏ သတိပေးဆုံးမခြင်းများစွာ တို့ကို လျစ်လျူရှု ကြသည်။ တစ်စုံတစ်ယောက်သောသူက သူတို့အား ‘‘ဟော့ကောင်မင်း’’ ဟု ခေါ်ပါက သူတို့ကိုယ်တိုင်သည် လည်း ခံပြင်း၍ ဒေါသထွက်ကြမည်ဖြစ်သည်။ သူတို့က သူ၏ နာမတော်ကို အရေးမကြီးသည့် သဘောကိုပြသ ကြသည်။

သမ္မကျမ်းစာထဲ၌ ပညတ်ချက်မှန်သမျှတို့ကို အပြည့်အဝလက်ခံသည်ဟု အကြောင်းပြကာ ကျမ်းစာယုံကြည်သည့် များစွာတို့သည် နာမတော်ကို တိုင်တည်၍ ဆုတောင်းသောအခါ၌ အခက်အခဲ တွေ့ကြလေ့ရှိကြသည်။ သူတို့သည် ယာဝေး၏ နာမတော်ကို အသံထွက်၍ ခေါ်ရန် အကြောက်အကန် ငြင်းဆိုကြသည်။

ဥပုသ်နေ့ကို စောင့်သောသူများ၊ ပွဲနေ့တို့ကို စောင့်သောသူများ ပညတ်တော်ကို အမှန်တကယ် စောင့်ရှောက်သည်ဟု ပြောသောသူများတို့သည် ယာဝေးက သန့်ရှင်းခြင်းဖြင့် မြတ်သည်ဟု ဆိုသော နာမတော်ကို ခေါ်ခြင်းဖြင့် သမ္မတရားအလုံးစုံကို လက်ခံရန်ငြင်းဆန်ကြသော (ဝတ်ပြုရာ ၂၂း၂၊ ၃၂) သူများဖြစ်ကြကာ သူတို့သည် ယာဝေး နာမတော် အရေးမကြီးကြောင်းကို ပြသရန်အတွက် မခိုင်လုံသော အကြောင်းပြချက် အမျိုးမျိုး တို့ကို ပေးကြမြဲ ပေးကြမည်ဖြစ်သည်။

## နာမတော်သည် ပုဂ္ဂိုလ်ဖြစ်သည်

‘‘ငါက အမည်ကို မကိုးကွယ်ပါ၊ ငါက ပုဂ္ဂိုလ်တပါးကို ကိုးကွယ်တာပါ’’ ဟုမကြာခဏ ပြောသံ ကြားရသည်။ ဤယုံကြည်မှုအားဖြင့် နာမတော် ယာဝေး အစား လူတစ်ဦး၏ ဦးနှောက်ထဲ၌ ပေါ်လာသမျှ စိတ်ကူးရှိသမျှ ပုဂ္ဂိုလ်အတိုင်း ခေါ်ရန် အခွင့်အရေးကို ပေးသကဲ့သို့ ဖြစ်လာသည်။

သို့သော် ခေါ်လိုသည့်အတိုင်း ခေါ်ဆိုဖို့ ယာဝေးသည် ကျွန်ုပ်တို့အား အခွင့်အရေးပေးထားသည်

လူမျိုးများဆီသို့ ဟောပြောရမည့် နောက်ဆုံးသောကာလ သတင်းကောင်းဖြစ်ကြောင်း သဘောပေါက်၍ သိရှိကြသည်။

ယာဝေး၏ နာမတော်သိခြင်း ဆက်လက်၍ တိုးတက်ရန်အတွက် ဆက်ကပ်သော ကျောင်းသားများ၏ သစ္စာရှိသော ကြိုးစာမှုများအတွက် ကျေးဇူးတင်ရှိပါ၏။ ယာဝေးသည် စကြဝဠာ ဖန်ဆင်းသော အရှင်၏ ကိုယ်ပိုင်နာမတော်ဖြစ်သည်ဟု ဝန်ခံသော အဘိဓါန်ကျမ်းများ၊ စွယ်စုံကျမ်းများနှင့် အနက်ဖွင့်ကျမ်းများစွာ တွေ့ရှိနိုင်သည်။ ယာဝေး၏ နာမတော်သည် ဓမ္မကောလိပ်များ၌ လူတိုင်းသိသော အရာဖြစ်ပြီး ဓမ္မတက္ကသိုလ်၏ ပါမောက္ခများနှင့် ဆရာများစွာတို့က ပုံမှန်အသုံးပြုကြသည်။

## <u>သူ၏ နာမတော်သည် ယာဝေး – ဖြစ်လျှင် ဘာလိုသေးသလဲ။</u>

သီအိုလိုဂျီပညာရှင်များက ကိုယ်တော်၏ နာမတော်သည် ယာဝေးဖြစ်သည်ဟု ဝန်ခံကြသော်လည်း သူ၏ နာမတော်၏ အရေးကြီးပုံနှင့် ပတ်သက်၍ ကျမ်းစာ၏ သတိပေးဆုံးမခြင်းများစွာ တို့ကို လျစ်လျူရှု ကြသည်။ တစ်စုံတစ်ယောက်သောသူက သူတို့အား ‘‘ဟေ့ကောင်မင်း’’ ဟု ခေါ်ပါက သူတို့ကိုယ်တိုင်သည် လည်း ခံပြင်း၍ ဒေါသထွက်ကြမည်ဖြစ်သည်။ သူတို့က သူ၏ နာမတော်ကို အရေးမကြီးသည့် သဘောကိုပြသ ကြသည်။

သမ္မာကျမ်းစာထဲ၌ ပညတ်ချက်မှန်သမျှတို့ကို အပြည့်အဝလက်ခံသည်ဟု အကြောင်းပြကာ ကျမ်းစာယုံကြည်သည့် များစွာတို့သည် နာမတော်ကို တိုင်တည်၍ ဆုတောင်းသောအခါ၌ အခက်အခဲ တွေ့ကြလေ့ရှိကြသည်။ သူတို့သည် ယာဝေး၏ နာမတော်ကို အသံထွက်၍ ခေါ်ရန် အကြောက်အကန် ငြင်းဆိုကြသည်။

ဥပုသ်နေ့ကို စောင့်သောသူများ၊ ပွဲနေ့တို့ကို စောင့်သောသူများ ပညတ်တော်ကို အမှန်တကယ် စောင့်ရှောက်သည်ဟု ပြောသောသူများတို့သည် ယာဝေးက သန့်ရှင်းခြင်းဖြင့် မြတ်သည်ဟု ဆိုသော (ဝတ်ပြုရာ ၂၂း၂၃၂) နာမတော်ကို ခေါ်ခြင်းဖြင့် သမ္မတရားအလုံးစုံကို လက်ခံရန်ငြင်းဆန်ကြသော သူများဖြစ်ကြကာ သူတို့သည် ကိုယ်တော်၏ နာမတော်အရေးမကြီးကြောင်းကို ပြသရန်အတွက် မခိုင်လုံသော အကြောင်းပြချက် အမျိုးမျိုး တို့ကို ပေးကြမြဲ ပေးကြမည်ဖြစ်သည်။

## <u>နာမတော်သည် ပုဂ္ဂိုလ်ဖြစ်သည်</u>

‘‘ငါက အမည်ကို မကိုးကွယ်ပါ၊ ငါက ပုဂ္ဂိုလ်တပါးကို ကိုးကွယ်တာပါ’’ ဟုမကြာခဏ ပြောသံ ကြားရသည်။ ဤယုံကြည်မှုအားဖြင့် နာမတော် ယာဝေးအစား လူတစ်ဦး၏ ဦးနှောက်ထဲ၌ ပေါ်လာသမျှ စိတ်ကူးရှိသမျှ ပုဂ္ဂိုလ်အတိုင်း ခေါ်ရန် အခွင့်အရေးကို ပေးသကဲ့သို့ ဖြစ်သည်။ သို့သော် ခေါ်လိုသည့်အတိုင်း ခေါ်ဆိုဖို့ ယာဝေးသည် ကျွန်ုပ်တို့အား အခွင့်အရေးပေးထားသည်။

လိုသော သူတို့သည် ဖန်ဆင်းသော အရှင်ကို နှိမ့်ချခြင်းနှင့် မိမိကိုယ်ကို အပ်နှံကာ သူကိုယ်တိုင်ဖွင့်ပြသည့် နာမတော်အားဖြင့် နီးကပ်စွာ ပေါင်းသင်းရမည့်အစား သူ၏လည်ပင်းခိုင်မာသောစိတ်ထားကို မှန်ကြောင်းပြ ရန်အတွက် အကြောင်းပြချက်မျိုးစုံတို့ကို ရှာကြံကြသည်။

## ယုံကြည်သူများပေးသောနာမတော်

အမြင့်ဆုံးသော ဧလောဟိမ့် (ဘုရား) ၏ဝိညာဉ်ရေးရာ မိသားတစ်စုလုံးကို သူ၏ နာမတော်ယာဝေး နှင့်ခေါ်ရမည်ဟု ပြောကြသည်။ ဖေက် ၃း၁၄-၁၅၌ ''ကောင်းကင်နှင့်မြေကြီး၌ ရှိသော မိသားစုတစ်စုံလုံး၏ နာမည်သမုတ်ခြင်းခံရ သောသူတို့၏ သခင်ယာရှုအမေရှိယ၏ ခမည်းတော် ရှေ့၌ ဒူးထောက်ခစားသည်'' ဟုဆို၏။ ယားဝေး၏ အမိန့်တော်များကို ဒူးထောက်နာခံရန် ငြင်းဆန်သောလူတို့ကို နိုင်ငံတော်၌ ယာဝဲ၏ နာမတော်၌ မည်သို့ အခေါ်ခံနိုင်မည်နည်း။ သူ၏ လူမျိုးတို့သည် ယခုထိုနာမတော်ကို မုန်းကြပြီးလျှင် နိုင်ငံတော်ထဲ ၌ ယာဝေး၏ နာမတော်ကို အဘယ်သို့ဖြင့် ခေါ်ဆိုနိုင်ကြမည်နည်း။ နာခံသောလူသားများ(ကောင်းကင်တမန်များ မဟုတ်ပါ) သည်ယာဝဲ၏ နာမတော်နှင့် အခေါ်ခံရကြောင်းကို သတိပြုပါ။

ခေတ်ကာလအဆုံးအကြောင်းကို ပြောရာ၌ လူအပေါင်းတို့သိရမည့် နာမတော်မှာ ယာဝေးဖြစ်ကြောင်း သမ္မာကျမ်းစာက ဖော်ပြထားသည်။ ဆန့်ကျင်ပုန်ကန်ခြင်းနှင့် အပြစ်ဒုစရိုက်မှန်သမျှကို နှိမ်နှင်းပြီး သံလှုံတံနှင့် အုပ်ချုပ်ရန် အတွက် ယာဝေးအား ဤမြေကြီးပေါ်သို့ ပြန်စေလွှတ်မည့် အချိန်ရောက်လိမ့်မည်။ (ဗျာ ၂း၂၆-၂၇) မာလခိက ခေတ်ကာလအဆုံး၌ နာမတော်ကို ယခုမုန်းသောသူတို့၏ အကြောင်းကိုရေးသားထားသည်။ ယာဝေးက''ငါ၏နာမတော်ကို မထီမဲ့မြင်ပြုသော ယဇ်ပရောဟိတ်တို့ သင်တို့ကလည်း ကိုယ်တော်၏ နာမတော် ကို မည်သည့်နေရာ၌ မထီမဲ့မြင်ပြုကြပါသနည်း'' ဟုဆိုကြ၏။ (၁း၆) အဆုံး၌ ယာဝဲသည် သူတောင်းဆိုထားသည့် ကိုးကွယ်ခြင်းကို လက်ခံရရှိမည်ဖြစ်သည်။

## နာမတော် ယာဝဲအားဖြင့် သူ့ကိုချီးမွမ်းကြပါ။

ကျွန်တော်တို့သည် ဝတ်ပြုရာ၌ နံ့မွှေးနံ့သာနှင့်တိရစ္ဆာန်တို့ကို မပူဇော်ကြတော့သော်လည်း နာခံခြင်းကို ဝိညာဉ်ရေးရာယဇ်အဖြစ် ပူဇော်ကြသည်။ ''အသက်ကျောက်များကဲ့သို့ အဆင့်ဆင့် အထပ်ထပ် တည်ဆောက် လျှက်ရှိကြသဖြင့် ဗိမ္မာတိုက်ဖြစ်ကြ၏။ ယာရှုအမေရှိယအားဖြင့် ယာဝေးနှစ်သက်တော်မူသော ဓမ္မယစ်ကို ပူဇော် ရသော သန့်ရှင်းသော ယဇ်ပရောဟိတ်မျိုးလည်းဖြစ်၏။ (၁ပေ ၂း၅)

ဟေဗြဲ ၁၃း၁၅-၁၆က ချီးမွမ်းခြင်းယဇ်သည့် နာမတော်ကို ဝန်ခံသည့် နှုတ်ခမ်းအသီး'' ဖြစ်ကြောင်း ပြသသည်။ ယာဝေး၏ နာမတော်ကို ဝန်ခံခြင်းသည် ဝိညာဉ်ပူဇော်သက္ကာတစ်ခုဖြစ်သည်။

ပုဂ္ဂိုလ်ကို ဝန်ခံပါဟုမပြောပါ။ လုပ်သောအလုပ်ကို ဝန်ခံပါဟု မပြောပါ။ ကိုယ်တော်ကို သခင်အဖြစ် ဝန်ခံခြင်းကို မပြောပါ။ နာမတော်ယာဝဲကို ဝန်ခံခြင်း ကိုသာပြောသည်။ ဒီနေရာမှာ မပြောသောအရာကိုသတိပြု စေချင်သည်။

## တပါးအမျိုးသားများအလယ်၌ ယာဝေး၏နာမတော်

ကိုယ်တော်၏နာမတော်ကို သင်ဝန်ခံပါသလား။ကျွန်ုပ်တို့၏ ချီးမွန်းခြင်းယစ်သည် နာမတော်ကို ဝန်ခံသော သူတို့အားဖြင့် ဖြစ်သည်ဟု မာလခိကပြောသည် မဟုတ်လော ဤအချက်သည် နာမတော်ကို မထိမဲ့မြင်ပြုသော သူတို့နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ (မလေခိ ၁း၆)။ ကိုယ်တော်၏ အမိန့်တော်မှာ နာမတော် ယာဝဲကို ဝန်ခံပြီး ခေါ်ရန်ဖြစ်သည်။ မာလခိ ၁း၁၁ကိုဖတ်ပါ။ '' နေထွက်ရာ အရပ်မှနေဝင်ရာအရပ် တိုင်အောင် တပါးအမျိုးသားတို့တွင် ငါ၏ နာမတော်သည် ကြီးမြတ်လိမ့်မည်။ ခပ်သိမ်းသောအရပ်တို့ နံ့သာပေါင်းကို ငါ၏ နာမတော်အား မီးရှို့၍ သန့်ရှင်းသော ပူဇော်သက္ကာကို ဆက်ကပ်ရကြလိမ့်မည်။ ငါ၏ နာမတော်သည် တပါးအမျိုးသားတို့တွင် ကြီးမြတ် ရလိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင်ယာဝဲမိန့်တော်မူ၏။''

နံ့သာပေါင်းသည် ဆုတောင်းခြင်း တမျိုးဖြစ်သည်ကို သတိရပါ။ (ဗျာဒိတ် ၈း၃–၄) ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၌ ယာဝေး၏ နာမတော်ကို ဆုတောင်းပဌာနပြုရန်ဖြစ်သည်။ ၎င်းသည်စင်ကြယ်သော ယဇ်ဖြစ် ရမည်။ ၎င်းသည် လူဖန်တီးသော ရုပ်တု၏ နာမတော်များနှင့်မမှားရ။

ဤမာလခိကျမ်းပိုဒ်သည် ၁း၁၁ ၌ကိုယ်တော်သည် သူ၏ ကိုယ်ပိုင်နာမတော်ယာဝဲကို သုံးကြိမ်သုံးခါ ဖော်ပြသည်။ သူ၏ လူပုဂ္ဂိုလ်သည် တပါးအမျိုးသားများအကြား၌ ကြီးမြတ်ရမည်ဟု မပြောပါ။ သူ၏တန်ခိုး စရိုက်လက္ခဏာ သို့မဟုတ် ပညာသည်တစ်ပါး အမျိုးသားများ၏ အလယ်၌ ကြီးမြတ်ရမည်ဟု မပြောပါ။ ရုပ်နာမတော်ကိုသာ ပြောပါသည်။ အခြားသော ဂုဏ်အင်္ဂါတို့သည် ကြီးမြတ်မည်မှာ အမှတ်ဖြစ်သော်လည်း ယာဝဲ၏ နာမတော်သည် အကြီးမြတ်ဆုံးဖြစ်သည် ဟူသော အရာမှာ အရေးကြီးသည်။

ထို့အပြင်ယာဝဲသည် (ပညာကိုသင်ပေးမဲ့ ဝတ် ၁၂း၁၁) ယစ်ပရောဟိတ်တို့ကို အပြင်းအထန်ဆုံးမကာ သူ၏ နာမတော်ကို မချီးမြှောက်ပါက သင်တို့မျိုးစေ့ကို ငါဖျက်မည်။ တိရစ္ဆာန်ချည်းတည်းဟူသော သင်တို့ ဓမ္မပွဲ၏ တိရစ္ဆာန်ချေးကို သင်တို့မျက်နှာပေါ်၌ ငါကျဲမည်၊ သူတစ်ပါးတို့သည် သင်တို့ကို ထိုတိရစ္ဆာန်ချေးကဲ့သို့ အတူ ယူသွားကြလိမ့်မည်။ (မာလကိ ၂း၃) သတိပေးသည်။

နာမတော်ကို သိခြင်းအပါအဝင် ထိုပညာနှင့်ကောင်းချီးခံရသော သူတို့သည် တရားဟောရာကျမ်း (၁၇း ၉–၁၁) ရာဝေး၏ နာမတော်ကို ကောင်းချီးပေးကြလိမ့်မည်။ ထိုကဲ့သောချီးတို့သည် သူတို့၏မျက်နှာစာပြင်၌ ပျံ့နှံ့လိမ့်မည်။ သူတို့သည် အမှိုက်သရိုက်တို့နှင့် အတူသယ်သွားခြင်း ခံရကာ ကောင်းချီပေးခြင်းကို ခံသင့်သော အခါ၌လည်း ငြင်းကြမည်။

တမန်တော် ပေတရုက ယုံကြည်သူတို့သည် မင်းစည်းစိမ်ရရှိသော ယဇ်ပရောဟိတ်အမျိုးဟု ခေါ်သည်။ (၁ ပေ ၂း၉) ယောဟန်ကလည်း သူတို့သည်နိုင်ငံတော်၏ ယစ်ပရောဟိတ်များဟုခေါ်သည်။ (ဗျာ ၅း၁၀)

ထို့ကြောင့် ရှေးအခါက မာလခိပြောဆိုထားသော အပြစ်ရှိယဇ် ပရောဟိတ်များသည် ယနေ့ခေတ် သန့်ရှင်းသူတို့ကိုလည်း ရည်ညွှန်းထားသည်။

## ကာလအဆုံး၌ လိမ်လည်မှု

ကျွန်ုပ်တို့သည် လူတို့၏ ကယ်တင်ရှင်အဖြစ်ဟန်ဆောင်သော အယောင်အစောင်များစွာတို့ကို တွေ့ကြုံ မည်ဟု ပရောဖက် ပြုချက်ကပြောထားသည်။ မေရှိယ အတုအယောင်များစွာရောက်လာမည်ဟု ကယ်တင်ရှင် ကသတိပေးထားသည်။ သူ၏ နာမကို အမှီပြု၍ လာသောသူရှိသမျှကို အမြန်လက်ခံမည်ဟုလည်း ပြောသည်။ ယာရှုသည် ယာဝေးရဲ့ နာမတော်၌ ရောက်လာသောအခါ ကမ္ဘာလူသားတို့သည် အများအားဖြင့် မှတ်မိကြမည် မဟုတ်ပါ။ အပြစ်အနာစာမရှိဆုံလင်သောကယ်တင်ရှင်သည် သူတို့အတွက်ရောက်လာမည်။ သို့သော်လည်း အရင်မိစ္ဆာ ပရောဖတ်များကဲ့သို့ပင် မေရှိယကို လူအများက ထင်ကြမည်ဖြစ်သည်။

ကျမ်းပိုဒ်များက ခေတ်ကာလအဆုံး၌ နာမတော်ကို ယုံကြည်ကိုးစားဖို့ လိုအပ်မှုကို ရှင်းလင်းစွာ ဖော်ပြသည်။ ယောလ ၂း၃၀- ၃၂ ၌ယာဝဲ၏ ကြောက်မက်ဖွယ်နေ့ကြီးမတိုင်မီ နေသည် မှောင်မိုက်အတိ ဖြစ်လိမ်။ ထိုအခါ ယာဝေးကို ပဌနာပြုသောသူအပေါင်းတို့သည် ကယ်တင်တော်မူခြင်းသို့ရောက်ရကြလတ္တံ့။အကြောင်းမူကား ယာဝေး အမိန့်တော်မူသည့်အတိုင်း ဇိအုန်တောင်၊ ယေရုရှလင်မြို့၌၊ ယာဝေးခေါ်တော်မူသော သ အကျန်အကြွင်းတို့အဖို့ ကယ်တင်ခြင်းအခွင့်ရှိရလတ္တံ့။

## နာမတော်အားဖြင့် ရွေးနုတ်ကယ်တင်ခြင်း

ယာဝေးနာမတော်ကို ခေါ်သောသူတို့အား ကယ်တင်ခြင်းပေးမည်ကို သတိပြုပါ။ လူပုဂ္ဂိုလ်၊ စရိုက် လက္ခဏာ၊ တန်ခိုးတော်တို့ ခေါ်သောအရာ မဟုတ်ပါ။ နာမတော်ကို ပဌနာပြုခြင်းသည် ကတိတော်ဖြစ်သော ကယ်တင်ခြင်းကို ရရှိမည်ဖြစ်သည်။

ဆာလံ - ၉၁ သည် ခေတ်ကာလအဆုံး၌ လူများစွာအပေါ်သို့ ကျရောက်လာမည့် သေခြင်း၊ ပျက်စီးခြင်း နှင့် ညှင်းပန်းနှိပ်စက်ခြင်းများ အကြောင်းကိုဖော်ပြသည်။ ယာဝေးသည် သူ၏လူမျိုးတို့ အကာအကွယ် ဖြစ်ကြောင်းကတိပေးထားသည်။ ယာဝေးသည် ကျွန်တော်တို့၏ ခိုလှုံရာရဲတိုက် (ငယ် ၂)။ ဖြစ်သည်၊ မတရားသော သူခံရမည့် ထိုကျိန်ခြင်းကိုလည်း ကျွန်တော်တို့ မြင်ရကြမည်ဖြစ်သည်။ (ငယ် ၈) ကိုယ်တော်ကို ချစ်၍ နာမတော်ကို သိသော အမှန်တကယ် သစ္စာရှိသော သူတို့၏ အထဲမှ ယာဝေးက '' သူသည်ငါ့ကို ချစ်သောကြောင့် သူ့ကိုငါ ကယ်နှုတ်မည် ငါ၏နာမကို သိသောကြောင့် သူ့ကို ငါချီးမြှောက်မည်'' ဟု မိန့်တော်မူ၏။ (ဆာလံ ၉၁း၁၄)

ယာဝေး နာမတော်ကို ခေါ်သောအခါ ဒုက္ခရောက်သော သူတို့ကို ကယ်တင်ခြင်းငှာ သူတို့နှင့်အတူ ရှိတော်မူကာ သူ၏ကယ်တင်ခြင်းလမ်းကို ပြမည်။ ဤအရာကို နာမတော်ကို သိ၍ခေါ်သော သူတို့အပေါ်၌ ပြုမည်ဖြစ်သည်။

ဆာလံ –၈၃ သည် ခေတ်ကာလနောက်ဆုံး၌ အစ္စရေးလူမျိုးတို့ကို အပြတ်ချေမှုန်းရန် ပြင်ဆင်နေသည့် ပါလက်စတိုင်း ဒေသမှ လူမျိုး(၁၀)မျိုးအကြောင်းကို ဖော်ပြသည်။ ယာဝေးသည် ထိုသို့ယုတ်မာသော လူတို့အပေါ်၌ လောင်သော မီးကဲ့သို့ ဖြစ်၍ကလဲ့စားချေမည်ဖြစ်သည်။ ထို့နောက် ဆာလံဆရာက ‘‘ ယာဝေး သူတို့မျက်နှာကို ရှက်စေတော်မူ၍ သူတို့သည် နာမတောကို ရှာကြပါစေသော်။ (ဆာလံ ၈၃း၁၆)

လူမျိုးတို့သည် အပြစ်ဒုစရိုက်နှင့် ပြည့်နေကြသည်ကို ယာဝေးမြင်သောအခါ မြေကြီးကို ဖျက်ဆီးသော ဤသူတို့ကို ဖျက်စီး အသက်ရှင်လျက်ရှိသော သူတို့သည်အရှက်ကွဲကြကာ ကယ်တင်ခြင်းဖြစ်သည့် ယာဝေးကို ရှာကြလိမ့်မည်။

ယာဝေးသည် ရန်သူများ၏ ထောင်ချက်မှ သူ၏လူမျိုးတို့ကို ကယ်တင်ရန် ကြီးမားသောတန်ခိုးနှင့်တစ်ကွ ထူးဆန်းသောအရာများနှင့် လှုပ်ရှားသောအခါ လူမျိုးတို့သည် ယာဝေးနာမတော်ကို ရှာကြလိမ့်မည်။ လူများစွာ တို့သည် အသက်တာ၏ ဝန်လေးမှုများမှာ သက်သာခြင်းပေးမည်ဟု ကတိပေးသော စာတန်၏ လှည့်ဖျားမှု နောက်သို့ လိုက်ကြလိမ့်မည်။ ထိုအချိန်၌ ကမ္ဘာလောကကြီးသည် ငြိမ်သက်ခြင်းနှင့် ကယ်တင်ခြင်း ပေးမည်ဟု ကတိပေးသည့် ဒုစရိုကသမား၏ လုံးလုံးလျားလျား လှည့်ဖျားမှုအောက်သို့ ရောက်လာလိမ့်မည်။

ယာဝေး ဝင်ရောက်စွက်ဖက်မှု အားဖြင့်သာလျှင် ထိုသူတို့သည် ပြေလည်ကြလိမ့်မည်။ ယာဝေး နာမတော် ရှိသော ကိုယ်တော်တစ်ပါးတည်းသာလျှင် မြေကြီးတစ်ပြင်လုံးပေါ်မှာ အမြင့်ဆုံးသော ဧလောဟိမ့် (ဘုရား) ဖြစ်တော်မူကြောင်းကို သိကြပါစေသော်။ (ဆာလံ ၈၃း၁၈)၊ ဟူ၍ ကျွန်တော်တို့ ဖတ်သည့်အတိုင်း ယာဝေးသည် ဂုဏ်အသရေ အလုံးစုံတို့ကို အပ်နှင်းခြင်းခံ၍ သူ၏ကြီးမားသော နာမတော်သည် ထင်ရှားလိမ့်မည်။

ယာဝေးသည် သူ၏ကြီးမာသော တန်ခိုးများ၊ ထူးဆန်းသော အမှုအရာများအားဖြင့် ရှေးအစ္စရေးလူမျိုးတို့ကို အီဂျစ်ပြည်မှ ရွေးနှုတ်ကယ်တင်သကဲ့သို့ ကယ်တင်လိမ့်မည်။ မြေကြီးပေါ်၌ ရှိသောသူတို့သည် ယာဝေးနာမတော် ရှိသော သူသာလျှင် သူတို့၏လိုအပ်မှုတို့ကို ပေး၍ အစွမ်းရှိကြောင်းကို သိကြလိမ့်မည်။ ယာဝေး၏ နာမတော်၌ လုံခြုံမှုနှင့် ရွေးနှုတ်ကယ်တင်ခြင်းရှိသည်။ ‘‘ငါသည် ငါ့လူမျိုး၏ လိုအပ်မှုဖြစ်တော်မူမည်။’’

## ယာဝေးကို ကြောက်ရွံ့သောသူများ

လူမျိုးတို့သည် ယာဝေးကို ခေါ်သင့်သောအချိန်တွင် အခြားဘုရားတို့၏ နာမည်တို့ကို ခေါ်ကြမည် ဖြစ်ကြောင်း သမာကျမ်းစာက လေးလေးနက်နက်ဖော်ပြထားသည်။ ကျွန်ုပ်တို့သည် ခေတ်ကာလကုန်ဆုံးသော အချိန်နှင့် နိုင်ငံတော်တည်ထောင်မည့်အချိန်ကို ဦးတည်လျက်နေစဉ် နာမတော်သည် ပို၍ပို၍

အရေးကြီးလာမည်ဖြစ်သည်။ ဒုစရိုက်မှု များပြားလာကာ ယာဝေး၏ပညတ်ချက်များနှင့် နာမတော်ကို ဆန့်ကျင်ပုန်ကန် ကြလိမ့်မည်။ သို့ရာတွင် နာမတော်၏ အရေးကြီးမှုအပေါ်၌ သစ္စာရှိ၍ ရိုသေလေးမြတ်သော သူအနည်းအကျဉ်းရှိအုံးမည်ဖြစ်သည်။ (မာလခိ ၃း၁၆-၁၇)အရ နောက်ဆုံးတွင် လူတိုင်းသည် ယာဝေး နာမတော်ကြီးမြတ်မှုကို မြင်ကြမည်ဖြစ်သည်။

ခေတ်ကာလအဆုံး၌ ယာဝေးသည်ကလဲ့စားချေခြင်းနှင့် အံ့ဖွယ်ထူးဆန်းသော အရာတို့ကို ပြ၍ သူ၏လူမျိုးတို့ကို ကယ်တင်ရန် နာမတော်ကို ခေါ်သောသူတို့အား သီးသန့်ဂရုစိုက်မည်ဖြစ်သည်။ ဤအရာကို ဗျာဒိတ် ၁၁း၁၈ ၌ *''လူမျိုးတို့သည် အမျက်ထွက်ကြဖြစ်၍၊ အမျက်တော်သည်လည်း ရောက်ပါပြီ။ သေလွန်သော သူတို့ကို တရားစီရင်ဆုံးဖြတ်တော်မူ၍ ယာဝေး၏ ကျွန်ုပ်တည်းဟူသော ပရောဖက်တို့အားငှင်း၊ သန့်ရှင်းသူ တို့အားငှင်း၊ ယာဝေးကို ကြောက်ရွံ့ရိုသေသောသူ၊ အကြီးအငယ်တို့အားငှင်း၊ ကျေးဇူးကို ပေးသနားတော် မူ၍ မြေကြီးကို ဖျက်စီးသောသူတို့ကို ဖျက်စီးတော်မူသော အချိန်ရောက်ပါပြီဟု ဆိုကြ၏။''* (ဗျာ ၁၁း၁၈) ဟု ဖော်ပြထားသည်။

ယာဝေးကို မသိသောသူနှင့် နာမတော်ကို မခေါ်သောသူတို့သည် နောက်ဆုံးသော ကာလ၌ စာတန်၏ မဟာအကြံအစည်လှည့်စားမှုကို ခံရမည်ဖြစ်သည်။ ဆာလံ ၇၉း၆ ၌ '' *ကိုယ်တော်ကိုမသိသော တစ်ပါး အမျိုးသားအပေါ်သို့ လည်းကောင်း၊ နာမတော်ကို မခေါ်သောတိုင်းနိုင်ငံသားတို့အပေါ်သို့ လည်းကောင်း၊ အမျက် တော်ကို သွန်းလောင်းတော်မူပါဟု* '' ဖတ်ရသည့်အတိုင်း သူတို့သည် ယာဝေး၏ အမျက်တော်ကို ခံကြရ လိမ့်မည်ဖြစ်သည်။

မစခြင်းနှင့် အပြစ်လုပ်ခြင်းကို ရရှိရန် နှင့် နာမတော်အတွက် သူ၏လူမျိုးတို့ကို စောင့်ရှောက်ရန် သနားခြင်း၊ ဂရုဏာကို တောင်းဆိုကြသည်။ *''ကယ်တင်တော်မူသော ဧလိုဟိမ်း (ဘုရား) နာမတော်၏ ဂုဏ်ကိုထောက်၍ ကျွန်ုပ်တို့ကို မစတော်မူပါ။ နာမတော်အတွက်ကြောင့် ကျွန်ုပ်တို့ကို နှုတ်ယူ၍အပြစ်များကို ဖြေရှင်းတော်မူပါ''* (ဆာလံ ၇၉း၉)။

ဤအချက်သည် ယာဝေး၏နာမတော်သည် ခိုင်ခန့်သော ရဲတိုက်ဖြစ်၍ ပြေးဝင်သဖြင့် လုံခြုံစွာနေရမည်ဆိုသော သုတ္တံ-၁၈း၁၀ နှင့်သဘောတူသည်။ ယာဝေးဟူသော နာမတော်သည် အနန္တ တန်ခိုးတော်ရှင်၊ ပညာ၊ ကယ်တင်ခြင်း၊ သနားကြင်နာခြင်း၊ အရာခပ်သိမ်းတို့ကို သိခြင်းနှင့် သူ့ကိုချစ်သောသူနှင့် နာမတော်ကို အမှီပြုသော သူတို့အပေါ်၌ ပေးထားသည်။

## ငါ၏လူတို့သည် ငါ၏နာမတော်ကို သိကြလိမ့်မည်

အစ္စရေးလူမျိုးတို့သည် သူတို့၏အထဲ၌ ကျိန်းဝပ်သော ယာဝေး၏ ဝိညာဉ်တော်၏ မစမှုကြောင့် အောင်မြင်ကျော်လွှားသော သူများနှင့် ပညတ်ချက်အားလုံးကို စောင့်ရှောက်သော သူများဖြစ်ကြသည်။ သို့ဖြစ်ရာ ငါ၏လူတို့သည် ငါ့ကိုသိကြလိမ့်မည်ဟု ကတိထားသောသူကား ငါဖြစ်သည်ကို အချိန်ရောက်မှ သိကြလိမ့်မည်။

အကယ်စင်စစ် ငါရှိသည်ဟု ယာဝေးမိန့်တော်မူ၏ (ဟေရှာယ ၅၂း၆)။ ဤအခန်းကြီးက ခေတ်ကာလအဆုံး၌ ယာဝေး၏ ဇိအုန်မြို့သို့ ပြန်လာမည့်အကြောင်းကို ပြောထားပါသည်။ (ယဉ် ၈) ။ ထိုဟာသည် အနှစ်(၁၀၀၀) ကာလနှင့်သက်ဆိုင်၍ ကျွန်ုပ်တို့သည် လူအများက ယာဝေးနာမတော်ကို မထိမဲ့မြင်ပြုချိန်တွင် ဟောကြားဖို့ ဖြစ်ပါသည်။ သူ့လူမျိုးသည် သူ၏နာမ၌ခေါ်ဆိုကြသောကြောင့် ယာဝေး၏လူများဟု ခေါ်ပါသည်။

*"ငါ့နာမဖြင့် သမုတ်သော ငါ့လူတို့သည် ကိုယ့်ကိုကိုယ်နှိမ့်ချသဖြင့် ငါ့မျက်နှာကိုရှာလျက် ဆုတောင်းပဌနာ ပြု၍ အဓမ္မလမ်းကို လွှဲရှောင်လျှင် ငါသည်ကောင်းကင်ဘုံ၌ နားထောင်မည်၊ သူတို့အပြစ်ကို ဖြေ၍ သူတို့ပြည်ကို ချမ်းသာပေးမည်။"* (၂ ရာချုပ် ၇း၁၄)။

ကိုယ်တော်ကို လည်းကောင်း၊ ကိုယ်တော်၏ နာမတော်ကို လည်းကောင်း၊ ကိုယ်တော်၏လမ်းရှိသမျှ တို့ကိုလည်းကောင်း၊ ငြင်းပယ်သောသူတို့သည် ပျက်စီးကြမည်ဖြစ်သည်။ ယာဝေး၏ ဆောင်ရွက်သော အမှုတို့သည် လူတို့၏စိတ်ထဲ၌ ကာလအစဉ် မျိုးစေ့ကြဲ၍ ကိုယ်တော်၏နာမတော်သည် ယာဝေးဖြစ်ကြောင်းကို လည်းသိကြလိမ့်မည်ဖြစ်သည်။

## <u>နောက်ဆုံးကာလ အသင်းတော်သည် နာမတော်ကို အရိုအသေပြု</u>

သမ္မာကျမ်းစာ၏ နောက်ဆုံးကျမ်းဖြစ်သော ဗျာဒိတ်ကျမ်းသည် ယာဝေးနှင့်သားတော် ယာ့စွားတို့၏ အထူးအရေးကြီးပုံကို လေးလေးနက်နက် တင်ပြထားပါသည်။

ဗျာဒိတ်ကျမ်း ၂း၃ ၌ကယ်တင်ရှင်၏ နာမတော်ကြောင့် ဖေတ်အသင်းတော်သည် *"ခန္တီနှင့်ပြည့်စုံ၍၊ ငါ၏နာမကြောင့် ဆင်းရဲခံ၍ အားမလျော့ကြောင်းကိုငှ ငါသိ၏"* ဟုချီးမွမ်းခံရသည်။

ပေရဂံမြို့၌ ရှိသော အသင်းတော်သည်လည်း နာမတော်ကို ဆွဲကိုင်ထားသောကြောင့် ချီးမွမ်းခြင်းခံ ရသည်။ "သင်၏ အကျင့်ကျင့်ခြင်းကိုလည်းကောင်း၊ စာတန်၏ ရာဇပလ္လင်ရှိရာ အရပ်တည်းဟူသော သင်၏ နေရာအရပ်ကိုငှ၊ ငါသိ၏။ သင်သည်ငါ၏ နာမကို စွဲကိုင်၏။ ငါ၏ယုံကြည်ခြင်းတရားကို မစွန့်ပယ်" (ဗျာ ၂း၁၃)

ဖိလေဒဲလ်ဖီးယား မြို့၌ရှိသော သစ္စာစောင့်သူတို့မှာ အထူးချီးမွမ်းခြင်းကိုခံရသည်သာမက သူတို့၏ နောက်မဆုတ်သော ယုံကြည်ခြင်းနှင့် နာမတော်ကို စွဲကိုင်မှုတို့ကြောင့် အထူးအခွင့်အရေးများ ရှိခဲ့သည်။ သင်၏ အကျင့်ကို ငါသိ၏။ အဘယ်သူမျှ မပိတ်နိုင်သော တံခါးကို သင့်ရှေ့၌ ငါဖွင့်ထားပြီ။ အကြောင်းမူကား သင်သည် အနည်းငယ်သော ခွန်အားရှိသည်နှင့် ငါ၏ နှုတ်ကပတ်တော်ကို စောင့်ရှောက်ပြီ။ (ဗျာ ၃း၈)။

ရွေးကောက်ခြင်းခံအောင်မြင်သော သူတို့သည် အထူးအခွင့်အရေးများ ရရှိသည်ကို ရှင်းလင်းစွာ မြင်ကြရပါသည်။ "အကြင်သူသည် အောင်မြင်၏။ ထိုသူကို ငါသည် ငါ၏ ဧလောဟိမ့် (ဘုရားသခင်) ဗိမာန်တော်၌ တိုင် ဖြစ်စေမည်။ နောက်တစ်ခါ သူသည် ပြင်သို့မထွေ့ရ။ ငါ၏ ဧလောဟိမ့်နှင့် နာမတော်ကို ၎င်းက၊ ငါ၏ ဧလောဟိမ့်အထံတော်မှ ထွက်၍ ကောင်းကင်ဘုံမှ ဆင်းထွက်သောယေရုရှလင်မြို့သစ်တည်း ဟူသော၊ ငါ၏

လောပတိမ့် မြို့တော်၏ နာမကိုင်၊ ငါ၏ နာမသစ်ကိုင်၊ ထိုသူအပေါ်၌ ငါသည် အရေးတင်သည်။" (ဗျာ ၃း၁၂)။

*"ဘုရားသခင်ကို ပြစ်မှားသောစကားအားဖြင့် နာမတော်ကိုင်၊ ကောင်းကင်သားတို့ကို ၎င်း၊ ပြစ်မှားခြင်းငှာ နှုတ်ကိုဖွင့်ထား၏။"* (ဗျာဒိတ် ၁၃း၆)။ ထိုနောက်မှ ငါကြည့်လျှင် သိုးသငယ်သည် ဇိအုန်တောင်ပေါ်မှ ရပ်နေ၏ သူ၏နာမနှင့် ခမည်းတော်၏ နာမကို နဖူး၌ အက္ခရာတင်သောသူ (၁၄၄,၀၀၀) တစ်သိန်းလေးသောင်းလေးထောင်လည်း သူနှင့်အတူ ရှိကြ၏။ (ဗျာဒိတ် ၁၄း၁)

*"အို ယာဝေး၊ ကိုယ်တော်ကို မကြောက်ရွံ့ဘဲ နာမတော်ကို မချီးမွမ်းဘဲ အဘယ်သူနေရပါအံ့နည်း။ ကိုယ်တော်တစ်ပါးတည်းသာလျှင် သန့်ရှင်းတော်မူ၏။ တရားသဖြင့် စီရင်တော်မူခြင်းအရာတို့သည် ထင်ရှားသည် ဖြစ်၍ လူမျိုးအပေါင်းတို့သည် လာ၍ရှေ့တော်၌ ကိုးကွယ်ကြပါလိမ့်မည်ဟု လျှောက်ဆိုကြ၏။"* (ဗျာဒိတ် ၁၅း၄)။

*"ပူအားကြီးသောအရှိန်နှင့် လူတို့သည် လောင်ခြင်းကို ခံရ၍ ထိုဘေးဒဏ်တို့ကို အစိုးပိုင်တော်မူသော ယာဝေး၏ နာမတော်ကို ကျိန်ဆဲကြ၏။ ယာဝေးကို ချီးမွမ်းခြင်းအလို့ငှာ နောင်တမရကြ။"* (ဗျာဒိတ် ၁၆း၃) *မျက်စိတော်သည် မီးလျှံကဲ့သို့ဖြစ်၏။ ခေါင်းတော်ပေါ်၌ သရဖူများကို ဆောင်း၏။ ကိုယ်တိုင်မှတပါး အဘယ်သူမျှမသိသော နာမတော်သည် ရေးထားလျက်ရှိ၏။* (ဗျာဒိတ် ၁၉း၁၂)။ *အသွေး၌နှစ်ပြီးသော အဝတ်ကိုဝတ်၏။ ဘုရားသခင်၏ နှုတ်ကပတ်တော်ဟူသော အမည်ရှိ၏။* (ဗျာဒိတ် ၁၉း၁၃)

*မျက်နှာတော်ကို မြင်ရ၍သူတို့ နဖူး၌လည်း နာမတော်ရေးထားလျက် ရှိလိမ့်မည်။* (ဗျာဒိတ် ၂၂း၄) *ကျွန်ုပ်တို့သည် ယာဝေး၏နာမတော်ကို ရိုသေလေးမြတ်ကြသောအခါ ကိုယ်တော်သည် အောက်ပါအတိုင်း ကျွန်ုပ်တို့အပေါ်၌ ပြုမည်ဖြစ်သည်။ ထိုသူတို့သည် ထိုက်တန်သောသူဖြစ်၍ အဖြူဝတ်လျက် ငါနှင့်အတူ သွားလာကြလိမ့်မည်။ အောင်မြင်သောသူသည် ဖြူသောအဝတ်ကို ဝတ်ဆင်လိမ့်မည်။ ထိုသူ၏ နာမကို အသက်စာစောင်မှာ ငါသည်အလျှင်းမချေ။ ငါခမည်းတော်ရှေ့၌၎င်း၊ ကောင်းကင်တမန်တော်တို့ ရှေ့၌၎င်း၊ ထိုသူ၏နာမကို ငါဝန်ခံမည်။* (ဗျာဒိတ် ၃း၅)

ယာစွား၏ နာမ၌ ဗတ္တိဇံခံခြင်းအားဖြင့် ကျွန်ုပ်တို့၏နဖူးပေါ်၌ ယာဝေး၏နာမတော်ရေးသားခြင်း ခံရသည်။ ယာရှွားဆိုသည်မှာ ယာဝေးသည်ကယ်တင်ခြင်း ဖြစ်သည်ဟုအဓိပ္ပာယ်ရသည်။ ဤသူတို့သည် နာခံခြင်းဖြင့် အသက်ရှင်သောသူများနှင့် ကိုယ်တော်၏မိသားစုထဲသို့ အဦးသီးသော အသီးများအနေနှင့် ရွေးနုတ်ခြင်း ခံရမည့်သူများ ဖြစ်ကြသည်။ (ဗျာဒိတ် ၁၄း၄)။ သင်သည်ကယ်တင်ခြင်းကို ပေးသည့် တပါးတည်းသော နာမတော်ကိုချစ်သောသူ၊ ရိုသေသောသူနှင့်ပဋ္ဌနာပြုသောသူ ဖြစ်မည့်အကြောင်း ကျွန်ုပ်တို့ဆုတောင်းပေးပါသည်။